နအဖစစ်အစိုးရက မွန်ပြည်သစ်ပါတီ၏ စည်းရုံးရေးတာဝန်ရှိသူများကို လိုက်လံရှာဖွေနေ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၄ ရက်၊ ၂၀၀၃ ခုနှစ်။

မွန်ပြည်သစ်ပါတီ၏ ပါတီစည်းရုံးရေး တာဝန်ခံဟောင်း နိုင်ယက္ခကို နအဖစစ်အစိုးတို့မှ နိုင်ငံတော်ခေါင်းဆောင်များကို လုပ်ကြံသည့်အမှုဖြင့် စွပ်စွဲကာ ဖမ်းဆီးထားပြီးသည့် နောက်ပိုင်းတွင် အခြားစည်းရုံးရေးတာဝန်ရှိသူများနှင့် ပုဂ္ဂိုလ်များကို နအဖအမှတ် (၅) စစ်ထောက်လှမ်းရေးတို့မှ လိုက်လံရှာဖွေ ဖမ်းဆီးနေပါသည်။

နိုင်ယက္ခကို ဖမ်းဆီးရခဲ့ပြီးနောက် နိုင်ယက္ခအိမ်မှ ရရှိထားသော စည်းရုံးရေးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများအရ နိုင်ယက္ခနှင့်အတူ ပါတီစည်းရုံးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လှုပ်ရှားနေသူများကို နအဖစစ်အာဏာပိုင်တို့မှ စုံစမ်း ဖေါ်ထုတ်နေပါသည်။

ထိုသို့ စုံစမ်းဖေါ်ထုတ်ရာတွင် ပြီးခဲ့သည့် ဩဂုတ်လ ၂ ရက်နေ့တွင် ဒေသခံ မွန်ပြည်သူများနှင့် မွန်အဖွဲ့အစည်းများ သွားလာနေထိုင်လေ့ရှိသော မော်လမြိုင်မြို့ မွန်ဓမ္မာရုံကို ဝင်ရောက် စီးနင်းခဲ့ပါသည်။

စီးနင်းမှုတွင် နအဖစစ်အာဏာပိုင်တို့က နိုင်ယက္ခ၏ စည်းရုံးရေးတာဝန်ခံများကို မည်သူ့ကိုမျှ ဖမ်းဆီး မရခဲ့သော်လည်း စီးနင်းမှုကြောင့် မွန်ပြည်သစ်ပါတီ၏ စည်းရုံးရေးလှုပ်ရှားနေသူများနှင့် နိုင်ယက္ခ၏ သက်ဆိုင်သော စည်းရုံးရေး အဖွဲ့ဝင်များ ထွက်ပြေး တိမ်းရှောင်နေကြကြောင်း သိရပါသည်။

ထို့အပြင် နိုင်ယက္ခနှင့် နီးစပ်သောသူများကိုလည်း နအဖစစ်အာဏာပိုင်တို့မှ မျက်ခြေမပြတ် စောင့်ကြည့်နေခဲ့ကြောင်း၊ နအဖစစ်အာဏာပိုင်တို့၏ လှုပ်ရှားမှုကြောင့် ပါတီစည်းရုံးရေးလုပ်ငန်းများကို ရပ်တန့်နေရကြောင်း စည်းရုံးရေးပုဂ္ဂိုလ်တို့က လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

မွန်ပြည်သစ်ပါတီအဖွဲ့ဝင် နိုင်ယက္ခကို နအဖစစ်အာဏာပိုင်တို့မှ ပြီးခဲ့သော ဇူလိုင်လ ၁၇ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး နိုင်ယက္ခနှင့်အတူ စည်းရုံးရေးလုပ်ငန်းအတွက် လှုပ်ရှားနေသော ပဲခူးမြို့မှ ရွှေမန်း (ခေါ်) (အဲဟံသာ) ကိုလည်း နအဖစစ်အာဏာပိုင်တို့က ဖမ်းဆီးခဲ့ပါသည်။

ဖမ်းဆီးမှုတွင် နအဖစစ်အစိုးရတို့မှ မြို့တော်ရန်ကုန်မြို့အပေါ်တွင် ဗုံးဖောက်ခွဲရန် ကြံစည်မှုနှင့် နိုင်ငံတော်ခေါင်းဆောင်များကို လုပ်ကြံရန် ကြံစည်အမှုဖြစ် စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့ပါသည်။

ဖမ်းဆီးမှုနောက်ပိုင်းတွင် မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များကို နအဖစစ်အစိုးရတို့မှ ယနေ့ထိ စစ်ဆေးမှုများ တင်းကြပ်စွာ ပြုလုပ်နေခဲ့ပြီး လမ်းပေါ်တွင် သွားလာနေသော ခရီးသည်များနှင့် ယာဉ်များကိုလည်း စစ်ဆေးမှုများ ပိုမို ပြင်းထန်လာနေခဲ့ပါသည်။